
14-May-2024

# Applicant User Guide For Product Notification(PN)

**Register ပြုလုပ်ရန် ဝင်ရောက်ခြင်း**

- Food Section မှ လက်ရှိထုတ်ပေးလျက်ရှိသော Product Notification အား Online e-submission စနစ်မှ လျှောက်ထားရန် FDA ၏ Online Service Portal သို့ဝင်ရောက်ရပါမည်။ Computer မှတစ်ဆင့် Browserကို ဖွင့်ပါ။ Browser ၏ Address Bar တွင် FDA ၏ Online Service Portal ဖြစ်သည့် https://esubmission.fda.gov.mm URL ကို ရိုက်ထည့်ရပါမည်။ ရိုက်ထည့်ပြီးလျှင် ပုံတွင် ဖော်ပြ ထားသည့်အတိုင်း Login Page ကျလာပါမည်။
- ပထမဦးစွာ လျှောက်ထားလိုသူအနေဖြင့် Account Register ပြုလုပ်ရန်လိုအပ်ပါသည်။
- Register ပြုလုပ်ရန်အတွက် အောက်ပါပုံတွင် ပြထားသည့် Register ကို နှိပ်ပါ။





**Register Form ဖြည့်သွင်းခြင်း**

- ပုံတွင် ပြထားသည့်အတိုင်း Register ကိုနှိပ်လိုက်ပါက Register ပြုလုပ်ရန် Form ကျလာပါမည်။
- လျှောက်ထားလိုသူ လုပ်ငန်းရှင်သည် Company အနေဖြင့် မှတ်ပုံတင်ထားသူဖြစ်ပါက ပုံတွင် ပြထားသည့်အတိုင်း Business Type နေရာတွင် Company ဟုရွေးချယ်ပြီး Company Registration No အား ဖြည့်သွင်းပြီး Check button အား နှိပ်ရပါမည်။ စနစ်မှ အဆိုပါ Registration No နှင့် ဆက်စပ်အချက်အလက်များ (Company Name, Address, Company


Registration Date စသည်) အား API မှ တစ်ဆင့် Real Time Data အား သွားရောက် စစ်ဆေးရယူမည်ဖြစ်ပါသည်။

- အကယ်၍ Company မှတ်ပုံတင်ထားခြင်းမရှိသည့် လုပ်ငန်းဖြစ်ပါက ပုံတွင် ပြထားသည့် Other အား ရွေးချယ်၍ လိုအပ်သည့် အချက်အလက်များ ဖြည့်သွင်းပြီး Register အား နှိပ်၍ Account Register ပြုလုပ်ရပါမည်။
- စနစ်မှ Account Validation Link အား လျှောက်ထားသူဖြည့်သွင်းလိုက်သည့် Email သို့ပေးပို့သွားမည် ဖြစ်ပါသည်။





**Verify Email Address နှိပ်ခြင်း**

- အောက်ပါပုံတွင် ပြထားသည့်အတိုင်း လျှောက်ထားသူ၏ Email သို့ ရောက်ရှိလာသည့် **Verify Email Address** ဆိုသည့် Link အား နှိပ်၍ Account Activation ပြုလုပ်ရပါမည်။




**LOGIN ဝင်ရောက်ခြင်း**

- အထက်ပါပုံအတိုင်း Verify Link ကို နှိပ်လိုက်ပါက Online Service Portal ၏ Login Page သို့ ရောက်ရှိသွားမည် ဖြစ်ပြီး စနစ်သို့ဝင်ရောက်ရန် Email နှင့် Password ဖြည့်သွင်း၍ LOGIN button အား နှိပ်ရပါမည်။
- User သည် နောက်ပိုင်း စနစ်သို့ Login ဝင်သည့်အချိန်တိုင်းတွင် Digit (၆) လုံးပါသည့် One Time Password (OTP) အား အဆိုပါ Email သို့ ပေးပို့သွားပါမည်။ အဆိုပါ OTP Code အား မှန်ကန်စွာ ရိုက်ထည့်နိုင်မှသာ စနစ်အတွင်း ဝင်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။





- Login ဝင်ရောက်ပြီးပါက အောက်ပါပုံတွင် ပြထားသည့်အတိုင်း လျှောက်ထားနိုင်သည့် Service Type များဖြစ်ကြသော ( **Food** , **Drug** , **Medical Device** , **Cosmetics**) အား တွေ့မြင်ရမည်ဖြစ်ပါသည်။ Product Notification လျှောက်ထားရန် Food အား နှိပ်ရပါမည်။




**Product Notification Section သို့ ဝင်ရောက်ခြင်း**

- အထက်ပါပုံအတိုင်း Food အားနှိပ်လိုက်ပါက အောက်ပါပုံတွင် ပြထားသည့်အတိုင်း Food Section ၏ Service များဖြစ်ကြသော **Product Notification, Import Recommendation, Import Health Certificate, Local Manufacture** စသည့်တို့အား Module အလိုက်တွေ့မြင်ရမည် ဖြစ်ပါသည်။
- **Product Notification** လျှောက်ထားလိုသူသည် ပုံတွင်ပြထားသည့်အတိုင်း **Product Notification** ကိုနှိပ်ပါ။





**Product Notification Section သို့ ရောက်ရှိခြင်း**

အထက်ပါပုံတွင်ပြထားသည့်အတိုင်း **Product Notification** ကို နှိပ်လိုက်ပါက **Food Product Notification Dashboard** သို့ ရောက်ရှိပါမည်။ ထို့နောက် **New Application** ကိုနှိပ်ပါ။



**Product Notification Application Form သို့ ရောက်ရှိခြင်း**

- အထက်ပါပုံတွင်ပြထားသည့်အတိုင်း **New Application** ကို နှိပ်လိုက်ပါက အောက်ပါအတိုင်း **Product Notification Application Form** ကျလာမည်ဖြစ်ပါသည်။ သွင်းကုန်လျှောက်ထားမည့် လုပ်ငန်းရှင်များသည် **Importer Name** နှင့် **Importer Address** ကို မဖြစ်မနေ ထည့်သွင်းပေးရန်လိုအပ်ပါသည်။
- အချက်အလက်များကို ပြည့်စုံမှန်ကန်စွာဖြည့်ပြီးပါက **Save Drafts & Next** ကိုနှိပ်ပါ။


Food Product Notification Application Form(စားသောက်ကုန် မှတ်ပုံတင်ခြင်းလျှောက်လွှာပုံစံ)

Product Information(ထုတ်ကုန်ဆိုင်ရာအချက်အလက်) | Business and Factory Information(လုပ်ငန်းနှင့်စက်ရုံဆိုင်ရာအချက်အလက်များ) | Upload Documents

Name of Food(အစားအသောက်အမည်)

Brand Name(အမှတ်တံဆိပ်အမည်)

Primary Type of Packaging (ပထမ ထုပ်ပိုးပစ္စည်းအမျိုးအစား) — Choose Package Type(ထုပ်ပိုးပစ္စည်းအမျိုးအစားရွေးရန်)

Secondary Type of Packaging (ဒုတိယ ထုပ်ပိုးပစ္စည်းအမျိုးအစား) ရှိပါက ထည့်ရန် — Choose Package Type(ထုပ်ပိုးပစ္စည်းအမျိုးအစားရွေးရန်)

Net Weight /Content (အသားတင်အလေးချိန် /ပမာဏ) * — Quantity(ပမာဏအားဂဏာန်းဖြင့်ဖြည့်သွင်းရန်) — Choose Unit(unit ရွေးချယ်ရန်)

Size and Type of Packaging (ထုပ်ပိုးအရွယ်အစားနှင့် ထုပ်ပိုးပစ္စည်းအမျိုးအစား)

Manufacture Name(ထုတ်လုပ်သူ / ထုတ်လုပ်သည့်လုပ်ငန်းအမည်)

Manufacture Address(ထုတ်လုပ်သူလိပ်စာ)

Importer Name(တင်သွင်းသူအမည်)

Importer Address(တင်သွင်းသူလိပ်စာ)

Country of Origin(ထုတ်လုပ်သည့်နိုင်ငံ ရွေးချယ်ရန်) — Choose Country of Origin(ထုတ်လုပ်သည့်နိုင်ငံ ရွေးချယ်ရန်)

Storage Condition(ထားသိုရန်အညွှန်း)

သဘာဝ ဘေးအန္တရာယ် ကင်းရှင်းရေးထောက်ခံချက်

Save Drafts & Next


## Business and Factory Information Form သို့ ရောက်ရှိခြင်း

- ထို့နောက် **Business and Factory Information** Form သို့ ရောက်ရှိမည်ဖြစ်ပါသည်။ ပုံတွင်ပြထားသည့်အတိုင်း Business and Factory Information တွင် မိမိနှင့်သက်ဆိုင်သော အချက်အလက်များကို ရွေးချယ်ရန် **Select Necessary Information** ကိုနှိပ်ပါ။




## Business and Factory Information Form သို့ ရောက်ရှိခြင်း

Select Necessary Information နှိပ်လိုက်ပါက အောက်ပါပုံတွင် ပြထားသည့်အတိုင်း Manufacture for information, Distributor, Repacker, Factory စသည့်တို့၏ အချက်အလက်များကို တွေ့မြင်ရမည် ဖြစ်ပြီး user ရွေးချယ်သည့်အတိုင်း အချက်အလက်များကို ဖြည့်သွင်းရမည် ဖြစ်ပါသည်။




- **User** သည် Manufacture information ကို ဖြည့်လိုပါက Manufacture for information ကို ရွေးချယ်ပြီ ‘ + ’ ကိုနှိပ်ပါ။ ထို့နောက် သက်ဆိုင်ရာ အချက်အလက်များကို ဖြည့်သွင်းပေးပါ။

- **User** သည် Distributor Information ကိုဖြည့်လိုပါက Distributor Information ကိုရွေးချယ်ပြီ ‘ + ’ ကိုနှိပ်ပါ။ ထို့နောက် သက်ဆိုင်ရာ အချက်အလက်များကို ဖြည့်သွင်းပေးပါ။

- **User** သည် Repacker Information ကိုဖြည့်လိုပါက Repacker Information ကိုရွေးချယ်ပြီ ‘ + ’ ကိုနှိပ်ပါ။ ထို့နောက် သက်ဆိုင်ရာ အချက်အလက်များကို ဖြည့်သွင်းပေးပါ။


- **User** သည် **Factory** Information ကိုဖြည့်လိုလျှင် Factory ကိုရွေး၍ ‘ + ’ ကိုနှိပ်ပါ။ ထို့နောက် သက်ဆိုင်ရာ အချက်အလက်များကို ဖြည့်သွင်းပေးပါ။

- မှားယွင်းပြီးရွေးမိပါက **Delete** ကိုနှိပ်၍ ပြန်ဖျက်နိုင်ပါသည်။

- အချက်အလက်များ ပြည့်စုံစွာဖြည့်ပြီးပါက **Save Drafts & Next** ကိုနှိပ်နိုင်ပါသည်။


**Upload Document Form ဖြည့်သွင်းခြင်း**

- User သည် အထက်ပါအတိုင်း Business and Factory Information များကို ဖြည့်သွင်းပြီး Save Draft & Next ကို နှိပ်ပြီးပါက အောက်ပါပုံတွင်ပြထားသည့် Upload Documents Form များကို ဆက်လက် ဖြည့်သွင်း ရမည်ဖြစ်ပါသည်။
- Product Label Artwork တွင် မိမိတွဲလိုသည့် File ကို ရွေး၍ Browse ကိုနှိပ်ကာ upload တင်နိုင်သည်။
- ထုတ်လုပ်မည့် အစားအသောက်နှင့် ပတ်သက်သော အမှတ်တံဆိပ်ဒီဇိုင်း၊ ထုပ်ပိုးပုံဒီဇိုင်း ပူးတွဲတင်ပြရန်၊ ထုတ်လုပ်သည့် အစားအသောက်နှင့် ပတ်သက်သော အမှတ်တံဆိပ်အား ရှင်းလင်းပြတ်သားပြီး ပြည့်စုံသည့် မျက်နှာပြင်ရှုထောင့်ပေါင်းစုံမှ ဖော်ပြချက်များ ပါရှိရမည်။ File Size သည် 10MB ထက်မကျော်ရပါ ၊ File အမျိုးအစားသည် PDF အမျိုးအစား ဖြစ်ရပါမည်။
- အထက်ပါသတ်မှတ်ချက်အတိုင်း လိုက်နာ၍ မိမိတွဲလိုသည့် File ကိုတွဲပြီးလျှင် ပြထားသည့် Save ကိုနှိပ်ပါ။ အချက်အလက်များ ပြည့်စုံစွာဖြည့်ပြီးပါက Pay Registration Fee ပေါ်လာမည်ဖြစ်ပါသည်။ ထို့နောက် Pay Registration Fee ကိုနှိပ်၍ ငွေသွင်းနိုင်ပါသည်။





**Payment ပြုလုပ်ခြင်း**

- **Pay Registration Fee** ကိုနှိပ်လျှင် အောက်ပါပုံတွင်ပြထားသည့်အတိုင်း Payment Previews သို့ရောက်မည်။ ကျလာသည့် Payment Preview တွင် ပေးချေရမည့် Assessment Fees ပမာဏ ၊ Bank Services Fees နှင့် e Payment ဖြင့်ပေးချေနိုင်သော Payment Option များအား (Master, Visa Card, JCB, Union Pay, MPU နှင့် CB Pay စသည့်) တွေ့မြင်ရပါမည်။ မိမိပေးချေလိုသော Payment Method အားရွေးချယ်၍ Pay အား နှိပ်ရပါမည်။
- **ဥပမာ** - CB Pay ဖြင့် ငွေပေးချေမည်ဆိုလျှင် **CB Pay** ကိုရွေး၍ ပြထားသည့် **Pay** ကိုနှိပ်ပါ။





| Title | Amount |
|---|---|
| Bank Transaction Date | 2023-03-22 23:31:37 |
| Food Name | brand |
| Brand Name | brand |
| Importer Name | brand |
| Manufacture Name | brand |
| Manufacture Address | brand |
| Assessment Fees | 10000 MMK |
| Service Fees | 600 MMK |
| Total Charges | 10600 MMK |

- အထက်ပါအတိုင်း **Pay** button ကို နှိပ်လိုက်ပါက အောက်ပါပုံတွင် ဖော်ပြထားသည့်အတိုင်း QR Code အား တွေ့မြင်ရမည်ဖြစ်ပြီး မိမိဖုန်းရှိ CB Pay App တွင် ပါရှိသည့် QR Scanner ဖြင့် အဆိုပါ Code အားဖတ်၍ ငွေပေးချေနိုင်ပါမည်။ ငွေပေးချေမှုအောင်မြင်ပါက Payment Success ဖြစ်သည့် Message အား တွေ့မြင်ရမည်ဖြစ်ပါသည်။





**Voucher ရယူရန် ပြုလုပ်ခြင်း**

- ငွေပေးချေထားသည့် **Voucher** အား စနစ်အတွင်းမှ ရယူလိုပါက ပြထားသည့် **Receipt Download** မှ တစ်ဆင့်ဝင်ရောက် ရယူနိုင်ပါသည်။





- အထက်ပါပုံ ပြထားသည့်အတိုင်းနှိပ်လိုက်ပါက Assessment Fees ပေးချေထားသော အစောင်များအား တွေ့မြင်ရပါမည်။





## Drafts list ထဲသို့ ဝင်ရောက်ခြင်း

User သည် Draft အနေဖြင့် ရှိနေသော Application များအား ဆက်လက်ဖြည့်သွင်းလိုပါက အောက်ပါပုံတွင် ပြထားသည့် Drafts ကို နှိပ်ပေးပါ။





Draft အနေနှင့် ရှိနေသော Application များအား ဆက်လက် ဖြည့်သွင်းလိုပါက ပုံတွင် ပြထားသည့်အတိုင်း **Continue** Button ကိုနှိပ်၍ ပြန်လည်ပြင်ဆင်နိုင်ပါသည်။



**Products List ထဲသို့ ဝင်ရောက်ခြင်း**

- မိမိလျှောက်ထားပြီးသော Products များကိုကြည့်ရှုလိုပါက Products List ထဲတွင် ကြည့်ရှုနိုင်ပါသည်။




- Product Lists များကို အသေးစိတ်ကြည့်ရှုလိုပါက ပုံတွင် ပြထားသည့်အတိုင်း **View** ကိုနှိပ်၍ ကြည့်ရှုနိုင်ပါသည်။
- Products List ထဲတွင် ရှိသော Product Information များကို ပြန်လည်ပြင်ဆင်လိုပါက **Edit** ကိုနှိပ်၍ ပြင်ဆင်နိုင်ပါသည်။
- Upload Documents တွင် Upload လုပ်ထားသော Files များကိုပြန်လည်ပြင်ဆင်၍မရပါ။

| စဉ် | Product Code | အမှတ်တံဆိပ် | အစားအသောက်အမျိုးအမည် | ထုပ်ပိုးပစ္စည်းအမျိုးအစားနှင့် ထုပ်ပိုးပုံ | Action |
|---|---|---|---|---|---|
| 1 | MM376019149991585 | ABC | ABC | 150 Gram Plastic Jar | View Edit |
| 2 | MM284903399992561 | ABC | ABC | 450 Gram Plastic Jar | View Edit |